# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ
# ၁၉၇၄ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။
# [၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၆။]
# ရန်ကုန်မြို့၊ ၁၃၃၅ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်။
# (၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

၁။ ။ (က) ဤဥပဒေကို၊ **၁၉၇၄ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။ (က) ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည်၊ အောက်ပါဇယား များတွင် ဖော်ပြထားသော သက်ဆိုင်ရာ အသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာ ရံပုံငွေမှ ထုတ်ယူ၍ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၇၃ ခုနှစ်၊ ဘဏ္ဍာငွေအရ- အသုံးဆိုင်ရာ ဥပဒေ( ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၁) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူ ရမည်။

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်။
(၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

----- Attachment -----

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 တော်လှန်ရေးကောင်စီ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏အသုံးစရိတ်စာရင်း။ ။အဆုံး

Myanmar Law Information System (MLIS)